

ဗမာ့လွတ်လပ်ရေးဗိသုကာ

# အောင်ဆန်းဆိုသည်မှာ

မင်းအောင်မင်း

# THE POLITICAI LEGACY OF AUNG SAN

Compiled and with an introductory Essay

by Josef-Silverstein

# စာရေးသူ၏ အမှာ

စာရေးသူ၏ အမှာ ဆိုသော်လည်း ပါမောက္ခဂျိုးဆက်ဆီးလ်ဗားစတိုင်း၏ The Political Legacy of Aung San ကို ဘာသာပြန်သူ၏ "အမှာ " လို့ ပြောမှ မှန်ပေမည်။ ဗိုလ်ချုပ်အောင်ဆန်း၏ အကြောင်းစာအုပ်တွေ၊ ဆောင်းပါးတွေ အများ အပြားပေါ် လာပြီးနောက် ကိုယည်ထွန်းက ထိုစာအုပ် ကို ကျွန်တော့်ကိုအပ်ခြင်းဖြစ်သည် ။ ညီတစ်ယောက်လိုဖြစ်သောသူက ထိုစာအုပ်ကို ပြန်ဆိုစေလို သည် ။ ကျွန်တော်က စာအုပ်ကိုယူ၍ ဖတ်ကြည့်လိုက်၏ ။ အမှာ စာနှင့်တင် ဂျိုးဇက်ဆီးလ်ဗားစတိုင်း ဗိုလ်ချုပ်ကို နက်ရှိုင်းစွာ လေ့လာထားကြောင်း သိလိုက်၏ ။ ထိုအခါ ရေးချင်စိတ်ဖြစ်လာ၏ ။ စာအုပ် ကို အေးအေးဆေးဆေးပဲရေးမည်ဟု သူ့ကိုပြောလိုက်၏ ။ သူကလည်း သဘောတူ၏ ။ မူရင်းစာအုပ် မှာ စာတမ်းဟု ပြောရမည်။ ဂျိုးဇက်ဆီးလ်ဗားစတိုင်း ကော်နေးတက္ကသိုလ်သို့ ဗိုလ်ချုပ်အောင်ဆန်း ၏ နိုင်ငံရေးလုပ်ဆောင်ခဲ့ပုံသမိုင်းကို အထောက်အထားများ နှင့်တကွ ပြုစုပြီး တင်သွင်းသော စာ တမ်းဖြစ်သည် ။ သူ၏ ကောက်နုတ်ချက်များ ရှေ့ပိုင်းတွင် ပါသလို ဗိုလ်ချုပ်၏ အင်္ဂလိပ်လိုပြော သည့် ၊ ရေးသည့် မိန့်ခွန်းများ စာများ လည်း ပါသည် ။ နယူးယော့ရှိ ကော်နေးတက္ကသိုလ်က ၁၉၇၂ ၊ ဇွန်လတွင် ၄ ဒေါ်လာနှင့် ထိုစာတမ်းကို ထုတ်ဝေခဲ့သည် ။

ရှေ့တွင် အေးအေးဆေးဆေးရေးမည်ဟု ပြောခဲ့သလို ဗိုလ်ချုပ်ပြောခဲ့သည် ကိုရေးရင်း နောက်ခံအကြောင်းအရာများကို စဉ်းစားရင်း။ နော

က်ပိုင်းဖြစ်လာသည့် ကွင်းဆက်များကို ပုံဖော် ရင်း၊ လက်ရှိအခြေအနေများကို တွေးတောရင်း၊ မကြာခဏ ရေးသားမှု အဆက်ပြတ်ခဲ့သည် ။ ဗိုလ် ချုပ်ကို အပေါ်ယံမျှသာ သိခဲ့သူများ သည် လည်းကောင်း၊ နိုင်ငံရေးစိတ်ဓာတ် အခံရှိသူများ သည် လည်းကောင်း၊ နိုင်ငံရေးရာများ တွင် ကိုယ်ထိလက်ရောက် ပါဝင်နေသူများ သည် လည်းကောင်း၊ နိုင်ငံ ရေးကို စိတ်ဝင်စားပြီး ဗိုလ်ချုပ်အကြောင်း ပြည့်ပြည့်စုံစုံ သိလိုကြသူများ သည် လည်း ကောင်း၊ ယခု စာအုပ်ကို ဖတ်၍ တစ်စုံတစ်ရာ ဉာဏ်အလင်းပွင့်ကြပြီဆိုလျှင် ကျွန်တော် ရေးရကျိုးနပ်လေ ၏ ။

ဒီစာအုပ်မှာ နောက်တစ်ခု ခေါင်းစားရသည် က စာအုပ်အမည်ဖြစ်သည် ။ မူရင်းအတိုင်း ရိုးရှင်းစွာပေးလိုသော်လည်း စာဖတ်သူ ရင်ထဲမရောက်မှာ ကျွန်တော်တို့ စိုးရိမ်ကြသည် ။ သို့ဖြင့် စာအုပ်ခေါင်းစဉ်က “ အောင်ဆန်းဆိုသည် မှာ ”ဖြစ်လာသည် ။ အောင်ဆန်းဆိုသည် မှာ က စာအုပ်၏ အဓိကခေါင်းစဉ်ဖြစ်သော်လည်း အပေါ်က ခေါင်းစဉ် အသေးစာလုံးအသေးဖြင့် ပြထားသော “ဗမာ့ နိုင်ငံရေးဗိသုကာ”က ဗိုလ်ချုပ် အောင်ဆန်း၏ မြန်မာ့နိုင်ငံရေး နောက်ခံနှင့်အတူ မကွြင်းမကျန် တည်ရှိနေမည့် ပုံရိပ်ဟု သာ ဆိုချင်ပါသည် ။

**မင်းအောင်မင်း**

**မေ ၁၆ (သင်္ကြန်အကြတ်နေ့) ၂၀၁၃ ခုနှစ်**

**နေ့လယ် ၁ နာရီ**

* * *

# နိဒါန်း(က)

နှစ်ပေါင်း ၂၅ နှစ်တာမျှ ဦးအောင်ဆန်းသည် မြန်မာနိုင်ငံ၏ အရေးပါဆုံး နိုင်ငံရေးလက္ခဏာတစ်ရပ်အဖြစ် ပါဝင်ခဲ့သည် ။ သူ့ရုပ်ပုံကို ငွေအကြွေစေ့၊ ငွေစက္ကူနှင့် အစိုးရရုံး နံရံတိုင်းတွင် ချိတ်ဆွဲထားကြသည်များ အလားတူ အိမ်တိုင်းနီးပါးတွင် ရှိသည် ကို တွေ့နိုင်သည် ။ ရန်ကုန်မြို့တွင် သူ့အမည်နှင့် အဓိကလမ်းမကြီးတစ်ခု၊ အများ ပြည်သူပိုင် ပန်းခြံတို့ ကို ခေါ်ဝေါ်ကြသည် ။ လူများ စွာ သည် ၁၉၃၆ တက္ကသိုလ်ကျောင်းသားသပိတ်တွင် ကျောင်းသားခေါင်းဆောင်အဖြစ်နှစ် ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်အကူအညီဖြင့် တည်ထောင်သော ဗမာ့တပ်မတော်တွင် ဗိုလ်ချုပ်အဖြစ် ၊ သို့မဟုတ် ကွဲပြားနေသော လူမျိုးအုပ်စုများကို ညီညွတ်စေလျက် နိုင်ငံတစ်ဝန်း နိုင်ငံရေးလှုပ်ရှားမှု အဖြစ်စစ်မှန်စွာ စုစည်းနိုင်ပုံတို့ ကို သိပ်မကွဲပြားဘဲ အမှတ်ရကြသည် ။ ၁၉၄၅ -၄၇ ကာလသည် တိုတောင်းသောနှစ် ၂ နှစ်ဖြစ်သလို ဗမာပြည်နိုင်ငံရေးတွင် သူ လုံးဝအသာရခဲ့သည့် ကာလလည်း ဖြစ်သည် ။ သူ့ကိုလုပ်ကြံခြင်းမှာ ထူးချွန်ပြောင်မြောက်လှသော သူ့သက်တမ်းကို တိုတောင်းလှစွာ ဖြတ်တောက်လိုက်ခြင်းဖြစ်၍ နိုင်ငံက သူ့ကိုဆုံးရှုံးရခြင်းသည် မည်သို့မှ အစားထိုးမရနိုင်သော ဆုံးရှုံးမှုဖြစ်သည် ။

သူ့အကြောင်းရေးသားထားသော တရားဝင် အတ္ထုပတ္တိစာအုပ်စာတမ်း အလှမ်းဝေးခြင်း၊ သူ့မိန့်ခွန်းများ ပြည့်စုံအောင် စုစည်းခြင်း၊ သတင်းစာများ ၌ ရေးသားခဲ့သည် များကို စုဆောင်းခြင်း တို့ စနစ်တကျမရှိခဲ့

ပေ။ ထိုသို့ မရှိ၍ စာရေးသူသည် လိုအပ်သော အထောက်အထား စာအုပ်စာ တမ်းတို့ မရှိခြင်း သို့မဟုတ် ရှာဖွေရန် ခက်ခဲခြင်းတို့ ကြုံသည် ။ ဗမာပြည် ကာကွယ်ရေးဌာန သမိုင်း ရေးရာ သုတေသနသိပ္ပံ (BDSHRI)မှ ဗိုလ်မှူးကြီး ဘသန်းအပါအဝင် သူနှင့်ဆက်ဆံခဲ့ဖူးသော သူများ ၏ အကူအညီဖြင့် ထိုအခက်အခဲကို ကျော်ဖြတ်နိုင်အောင် ကြိုးစားခဲ့သည် ။ ဦးအောင်ဆန်း ပြောခဲ့သည် များ ၊ ရေးခဲ့သည် များ ထိုနေရာတွင် သိမ်းဆည်းထားသော်လည်း ပညာတော်သင် အနည်းငယ်သာ ယင်းသတင်းစာများကို လေ့လာရန် အသုံးပြုပြီး မည်သည့်အစိုးရ သို့မဟုတ် လွတ်လပ်သော အေဂျင်စီကမှ ယခု သုတေသနလို ဦးအောင်ဆန်းနှင့် ပတ်သက်၍ သုတေသနပြု ထုတ်ဝေခြင်းမျိုး မရှိခဲ့ပေ။ BURITSH ကသာ အစိုးရတရားဝင် အထောက်အထားတို့ ရရှိနိုင် အောင် ကြိုးပမ်းနိုင်ရာအဖြစ် ရှိခဲ့သည် ။

သူနှင့် ပတ်သက်ရာ အထောက်အထားတို့ ရှင်းလင်းစွာ မြင်ရသော်ငြားလည်း ဦးအောင် ဆန်း၏ ပုဂ္ဂိုလ်ရေးဘဝတွင် သူသည် ရှက်တတ်သူတစ်ဦးဖြစ်ပြီး တစ်ဦးတည်း သီးသန့်နေလိုစိတ်ရှိသော်လည်း ထိုအချက်က သူ၏ အများ နှင့် သက်ဆိုင်သော လှုပ်ရှားမှုတို့ ၌ အကျိုးသက်ရောက် မှု မဖြစ်ခဲ့ပေ။ ပြည်သူတစ်ဦးအဖြစ် နည်းလမ်းမျိုးစုံဖြင့် ဗမာနိုင်ငံမှ လူများ အကြား လွတ်လပ်စွာ လှုပ်ရှားခဲ့ပြီး အားလုံး သူကဲ့သို့ လိုက်ပါစေရန် ပြုလုပ်ခဲ့သည် ။ ပြည်တွင်းရေးရာနှင့် နိုင်ငံခြားရေးရာ တို့ အပေါ် သူမကြာခဏ မှတ်ချက်ပေးပြော ဆိုသော်လည်း သူ၏ စိတ်ကူးတို့ အပေါ် အပြည့်အဝ အသံသွင်းထားနိုင်ခြင်းမရှိပေ ။ သူလုပ်ကြံမခံရမီ သူ၏ အရေးအကြီးဆုံးမိန့်ခွန်းများကို စုစည်းသည့် လုပ်ငန်းကို စဉ်းစားခဲ့သေးသည် ။ အခြေအနေများ ပြဿနာများ နှင့် ပစ္စုပ္ပန်ရည်မှန်းချက်များကို သူမီး မောင်းထိုးပြခဲ့သည် ။ ထိုစုစည်းမှုသည်

စာအုပ်အဖြစ် ထုတ်ဝေနိုင်ခြင်းမရှိဘဲ ရှိနေသော မိတ္တူအ နည်းငယ် စုစ ည်းထားမှုကို အလွန်နည်းပါးသော ပညာတော်သင်တို့ သာ လေ့လာနိုင် သော အခြေ အနေမျိုးဖြစ်ခဲ့သည် ။

**သို့သော် မြန်မာနိုင်ငံနှင့် ခေတ်သစ်သမိုင်းကို မြန်မာနိုင်ငံခြားပ ညာတော်သင်**များ အထူးပြု လေ့လာခဲ့ကြရာ ဒေါက်တာမောင်မောင် တ စ်ဦးတည်းက ဒုတိယကမ္ဘာစစ်အပြီး ထိုနှစ်နှစ်တာ ကာလနှင့် ပတ်သက် သော အဖြစ်အပျက်တို့ မှ ဆက်စပ်သော ဦးအောင်ဆန်း၏ စိတ်ကူးအ ယူအဆ တို့ နှင့် ပတ်သက်ရာ အဓိပ္ပာယ်ပြန်ဆိုချက်တို့ ကို တွေ့ရှိအောင် ကြိုးစားနိုင်ခဲ့သည် ။ Aung San of Burma ကို ဒေါက်တာ မောင်မောင် က တည်းဖြတ်သူအဖြစ်နှင့်ပါ ပါဝင်ထုတ်ဝေနိုင်ခဲ့ရာ ဦးအောင်ဆန်း၏ မိန့်ခွန်းများကို ရွေးချယ်ခြင်း ၊ ကောက်နုတ်ချက်များ ပေါင်းစပ်ခြင်း၊ ဦး အောင် ဆန်းနှင့် အလုပ်တွဲလုပ်ခဲ့သူတို့ ၏ နားလည်လေးစားခဲ့သော စာ သားများ လည်း ပါဝင်သည် ။ သူရွေး ချယ်ခဲ့သည် တို့ ကို တည်းဖြတ်ခြ င်း သို့မဟုတ် သတိထားပြန်လည် ရေးသားခြင်းတို့ ပြုခဲ့ရာ ဒေါက် တာ မောင်မောင်၏ စုစည်းမှုသည်  ဦးအောင်ဆန်း၏ ပင်ကိုလက္ခဏာနှင့် စိ တ်ကူးဂရုဏာတို့ ကို ထိုးထွင်းသိမြင်နိုင်ပြီး လေ့လာခွင့်၊ ပညာသင်ကြား ခွင့်ရသူတစ်ဦးထက် လေးစားကြည်ညိုနိုင်မှုကို ရုပ်လုံးပေါ်အောင် စီစဉ် ခဲ့သည် ။ မြန်မာနိုင်ငံသမိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်း၏ နေရာနှင့် တန် ဖိုး များကို သို့မဟုတ် ကြီးမားသော အပြောင်းအလဲကာလတစ်ခုမှ နိုင်ငံ ရေး ခေါင်းဆောင်တစ်ဦးကို သိနားလည်စေသည် ။ ထိုကာလ အဖြစ်အ ပျက် နောက်ခံနှင့် ဆန့်ကျင်ဘက် အင်တာဗျူး၊ စာရွက် စာတမ်း၊ မိန့်ခွန်းအသံသွင်းခွေများ ၊ စစ်မှန်မှု ရှိမရှိကို စစ်ဆေးရန်လည်း လိုအပ် သည် ။ ထိုနည်း လမ်းကသာ မြန်မာ့ ခေါင်းဆောင်ရုပ်ပုံသစ်ကို တည် ဆောက်ရန် ဖြစ်နိုင်ပြီး မှတ်ဉာဏ်တွင် အလွန် စွဲဝင်နေသည် တို့ ထက်

အချက်အလက်များ ပေါ်တွင် အခြေခံ၍ ပြုလုပ်နိုင်မည်ဖြစ်သည် ။

သူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိစာတွင် ဦးအောင်ဆန်းက သူ့ကိုယ်သူ လူလတ်တန်းစားနှင့် ခေတ်မီသူတစ်ယောက်အဖြစ် စဉ်းစားကြောင်း ရှင်းလင်းစွာတွေ့ရသည် ။ အထက်တန်းလွှာထဲမှ သားတစ်ယောက်၊ ထင်ရှားကျော်ကြားသူ မျိုးချစ်စိတ်ရှိသည့် ဘိုးဘေးဘီဘင်တို့ ထဲမှ ဆင်းသက်ခဲ့ သူဟု သူ့ကိုယ်သူ မှတ်ချက်ပေးသည် ။ အထက်တန်း အောင်မြင်ပြီးသောအခါ ရန်ကုန်တက္ကသိုလ် တွင် ပညာသင်ကြားသည် ။ ကျောင်းသားတစ်ဦးအဖြစ် ထူးချွန်သော ပညာတတ်အသက်မွေးမှုကို ကတိပေးနိုင်သည် ဟု သူယုံကြည်သည် ။ သို့သော် သူတက္ကသိုလ်ကျောင်းသားဖြစ်လာချိန် တိုင်း ပြည်နှင့် သက်ဆိုင်သော နိုင်ငံရေးတို့ က ဝင်ရောက်နှောင့်ယှက်နေပြီး။ နောက်ဆုံး ပညာတတ် တစ် ဦးဖြစ်အောင် သင်ယူရမည့် ရည်မှန်းချက်ကိုပါ အခြေပျက်စေသည် ။ ဘွဲ့ဒီဂရီအဖြစ် ရနိုင်သည့် ဥပဒေပညာကို စတင်သင်ကြားခဲ့သော်လည်း ပြီးဆုံးသည် အထိ မသင်ယူနိုင်ခဲ့ပေ။ တက္ကသိုလ်တွင် အစောပိုင်းနှစ်များကတည်းက နိုင်ငံရေးက သူ့ကို ဆွဲဆောင်နေပြီး သူ့ဘဝကို လွှမ်းမိုးလာခဲ့သည် ။ ၁၉၃၆ ကျောင်းသားသပိတ်တွင် အရေးပါသော ကျောင်းသားခေါင်းဆောင်တစ်ဦးအဖြစ် သူထွက် ပေါ်လာသည် ။ တက္ကသိုလ်အတ်ဥပဒေပြောင်းလဲရေးတွင် အရေးပါသော နေရာမှ ဦးဆောင်နိုင် သည် ။ သူ၏ ကျောင်းသားကာလများ ၌ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂဖွဲ့စည်းရာတွင် ဦးဆောင်မှုပေးနိုင်ခဲ့ပြီး ထိုအဖွဲ့အစည်းက ကျောင်းသားအားလုံးကို တစ်ခုတည်းသော နိုင်ငံရေး အဆောက်အအုံထဲသို့ ပါဝင်လာရန် ကြိုးပမ်းခဲ့သည် ။

၁၉၃၈တွင် သူသည် ဒို့ဗမာအစည်းအရုံးသို့ ဝင်ရောက်သည် ။ ထို့နောက် အထွေထွေ အတွင်းရေးမှူးဖြစ်လာသည် ။ ထိုမှ ရှေ့နှစ်နှစ်အတွ

က် ဗမာနိုင်ငံလုံးဆိုင်ရာ လယ်သမားများ အဖွဲ့ ချုပ်၏ အလုပ်အမှုဆောင် ကော်မတီအဖြစ်လည်း ဆောင်ရွက်ပြီး လွတ်လပ်သော အုပ်စုအဖြစ် နိုင်ငံရေးပါတီတစ်ရပ် ဖြစ်ပေါ်လာရန် ကူညီစည်းရုံးခဲ့သည် ။ လက်ယာ အဖွဲ့ဖြစ်သော ဒို့ဗမာအစည်း အရုံးနှင့် ဒေါက်တာဘမော်၏ ဆင်းရဲသား ပါတီတို့ ပူးပေါင်းခြင်းဖြစ်သည် ။ ၁၉၃၉ တွင် အစိုးရကို ဖြုတ်ချလို သော ပူးပေါင်းကြံစည်မှုစွဲချက်ဖြင့် အဖမ်းခံရသည် ။ သို့သော် တရားစွဲ ဆိုခြင်းမခံရဘဲ ပြန်လွှတ်ခဲ့သည် ။ ဗြိတိသျှတို့ က ရှေ့နှစ်တွင် နောက်တ စ်ကြိမ်ပြန်ဖမ်းရန် ကြိုးစားကြသည် ။ သည် တစ်ကြိမ်တွင် တော့ အစိုး ရကို အကြည်ညိုပျက်စေရန် လုပ်ဆောင်မှုကြောင့်ဖြစ်သည် ။ သို့သော် သူ့ကိုတွေ့အောင်မရှာနိုင်ခဲ့ပေ။ အိန္ဒိယသို့ သွားနေ၍ အဖမ်းခံရမည့်အ ရေးမှ လွတ်မြောက်ခဲ့ခြင်း ဖြစ်သည် ။ ရပ်ဂတ်တွင် ပြုလုပ်သော အိန္ဒိယ ကွန်ဂရက် အစည်းအဝေးသို့ တရားဝင်ကိုယ်စားလှယ် အဖြစ် သွားနေ ၍ ဖြစ်သည် ။ အိန္ဒိယတွင် ခရီးလှည့်လည်ပြီးနောက် မြန်မာနိုင်ငံသို့ လျှို့ ဝှက်စွာ ပြန်လာခဲ့သည် ။ ရန်ကုန်တက္ကသိုလ် ကျောင်းသားများ သမဂ္ဂကို ဥရောပတွင် ဖြစ်ပွားနေသော စစ် နှင့် နယ်ချဲ့ဝါဒကို ဆန့်ကျင်ရေးအတွ က် ပါဝင်လှုပ်ရှားရန် စည်းရုံးကူညီပေးသည် ။ မိတ်ဆွေများက အဖမ်းခံ ရသည် ကို ရှောင်ရှားရန် သူ့ကို နိုင်ငံမှ ထွက်ခွာဖို့ ဆွဲဆောင်ကြသည် ။ အပေါင်းအပါတစ်ဦး ဖြစ်သော သခင်လှမြိုင်နှင့် နိုင်ငံမှ တိတ်တဆိတ် ထွက်ခွာပြီး တရုတ်နိုင်ငံ အအမွိုင်မြို့သို့ရောက်ရှိ သည် ။ တရုတ်ကွန်မြူနစ်ပါတီမှ ကိုယ်စားလှယ်များ နှင့် အဆက်အသွယ်လုပ်နို င်မည့် မျှော်လင့်ချက် နှင့်ဖြစ်သည် ။ ထိုအကြားမှ ဂျပန်အေးဂျင့်တို့ နှင့် တွေ့ပြီး ဂျပန်သို့ရောက်ရှိသည် ။ ဗြိတိသျှအုပ်ချုပ် နေသော မြန်မာပြည် ကို ဂျပန်တပ်မတော်မှ သိမ်းပိုက်ရေးအတွက် ဆောင်ရွက်နေသော ဗိုလ် မှူး ကြီးဆူဇူကီးထံသို့ ဖြစ်သည် ။ သူ၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာတွ

င် ဦးအောင်ဆန်းက ဂျပန်တို့ နှင့် အစဦးပိုင်း ညှိနှိုင်းမှုများကို ကောင်းစွာ ရုပ်လုံးဖော်ထားပြီး သူ့အတွေးနှင့် အယူအဆများ ထဲသို့ သူ၏ ကိုယ်ပိုင်ဘဝမှ စနစ်ကွဲပြားနေသော အာရှယဉ်ကျေးမှုနှင့် တန်ဖိုးများကို ပထမဆုံးအကြိမ်တွေ့ ကြုံလာရခြင်းကိုပါ ဖော်ပြထားသည် ။

ဦးအောင်ဆန်း၏ ဘဝသည် အမျိုးသားခေါင်းဆောင်တစ်ဦးအဖြစ် ထိုနေရာမှ တကယ် တမ်းစတင်ခဲ့ခြင်းဖြစ်သည် ။ ၁၉၄၁ တွင် မြန်မာနိုင်ငံကို ပြန်ရောက်လာသည် ။ ဂျပန်တို့ ထံမှ စစ် ပညာသင်ယူလာသော ရဲဘော်များ လူသစ်စုဆောင်းလာသော တပ်သားများ နှင့်အတူဖြစ်သည် ။ ဒုတိယကမ္ဘာစစ်ကလည်း စတင်နေပြီဖြစ်ရာ ထိုလူငယ်တော်လှန်ရေးသမားတို့ သည် ဗမာ့တပ် မတော်တစ်ရပ် ဖွံ့ဖြိုးလာမည့်လုပ်ငန်းစဉ်ထဲ ပါဝင်လာခြင်းဖြစ်၍ ဗမာ့လွတ်လပ်ရေးတပ်မတော်ဟု ခေါ်ဝေါ်ကြသည် ။ ထိုင်းနိုင်ငံတွင် နေထိုင်ကြသော နိုင်ငံသားများ နှင့် အဓိက စတင်တည်ထောင် ခြင်းဖြစ်သည် ။ ထိုအချိန်၌ ဂျပန်တို့ က မြန်မာနိုင်ငံရှိ ဗြိတိသျှတို့ ကို တိုက်ခိုက်နေပြီဖြစ်ရာ ဘီအိုင် အေသည် သိမ်းပိုက်ရေးတပ်တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်ခဲ့သည် ။

ဂျပန်ရော ဗမာ့နိုင်ငံရေးခေါင်းဆောင်တို့ ကပါ ဦးအောင်ဆန်းအပေါ် တာဝန်နှင့် ဂုဏ်ပြုမှု များ ပေးအပ်ခဲ့သည် ။ ဂျပန်တပ်နှင့်အတူ ဗိုလ်ချုပ်အဖြစ် ရှိနေသော သူ့ကို ၁၉၄၃ ဩဂုတ်လတွင် မြန်မာနိုင်ငံအစိုးရ၏ နန်းရင်းဝန်ဖြစ်လာသူ ဒေါက်တာဘမော်က သူ့အစိုးရ၏ ကာကွယ်ရေးဝန်ကြီး အဖြစ်ရွေးချယ်ခဲ့သည် ။ သို့သော် ဤကဲ့သို့ ချီးမြှင့်ခဲ့မှုများ သည် သူ့ကို ဂျပန်၏ အရှေ့အာရှအစီ အစဉ်သစ်ကို အားပေးထောက်ခံရန် မဖြစ်စေခဲ့ပါ။ ၁၉၄၃ နှစ်လယ်အစောပိုင်းတွင် သူနှင့် အခြား သူများ စတင်၍ ဂျပန်ကို ဆန့်ကျင်သည့် မြေအောက်လှုပ်ရှားမှု

အတွက် စည်းရုံးစီစဉ်သည် ။ ၁၉၄၅ မတ်လ ၂၇ ရက်တွင် သူဦးဆောင်သော လျှို့ဝှက်နောက်လိုက်များ နှင့် ဂျပန်ကို ဆန့်ကျင်မည့် တော်လှန်ရေးကို စတင်သည် ။ သူ၏ တပ်များ သည် မဟာမိတ်များ နှင့် ပူးပေါင်းပြီး ဂျပန်ကို မြန်မာ နိုင်ငံမှ မောင်းထုတ်မည့် နောက်ဆုံးတိုက်ပွဲများ တွင် ပါဝင်ခဲ့ကြသည် ။

စစ်အပြီးတွင် ဗြိတိသျှတို့ က ဦးအောင်ဆန်းကို အသစ်ဖွဲ့စည်းလိုက်သော တပ်မတော်တွင် တာဝန်ခံအရာရှိချုပ်အဆင့်နှင့်တူသော ဗိုလ်မှူးချုပ်အဆင့်ကို ပေးအပ်သည် ။ ဦးအောင်ဆန်းသည် နိုင်ငံရေးအလုပ်တွင် ထောက်ခံမှုကျဆင်းလာ၍ စစ်အတွင်း လျှို့ဝှက်ဖွဲ့စည်းလိုက်သော ဖက်ဆစ် ဆန့်ကျင်ရေးနှင့် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖဆပလ)တွင် ခေါင်းဆောင်အဖြစ် တာဝန်ယူ လိုက်သည် ။ ထိုအခန်းကဏ္ဍမှ လွတ်လပ်ဂေးမုခ်ဦးကို ရောက်ရှိဖို့ မြန်မာနိုင်ငံကို ဦးဆောင်ရန်ပင် ဖြစ်သည် ။

သူရွေးချယ်ခဲ့သော ထိုလမ်းမှာ အနှောင့်အယှက်များ မကင်းခဲ့ပါချေ။ မြန်မာပြည်၏ အနာ ဂတ်နှင့် ပတ်သက်၍ နိုင်ငံကို မည်သူ ဦးဆောင်သင့်သည် ဆိုသော ကိုယ်ပိုင်အယူအဆများ ဗြိတိသျှတို့ ၌ ရှိနေသည် ။ ဖဆပလ အတွင်း၌ လည်း သူ၏ နိုင်ငံရေးပြိုင်ဖက်များ ရှိရာသူ့ကို နိုင်ငံခေါင်းဆောင်နေရာမှာ အစားထိုးရန် ကြိုးစားကြသည် ။ ဗြိတိသျှတို့ က အချိန်ဇယားနှင့် ယင်းတို့ ၏ အစီအစဉ်ကို ဖိအားပေးဖို့ ကြိုးစားကြသည် ။ ဦးအောင်ဆန်းသည် ဖဆပလအတွင်း လှုပ်ရှားမှုကို အတူကိုင်တွယ်ရင်း ကွန်မြူနစ်ရော အခြားပြိုင်ဖက်များ ၏ ဆန့်ကျင်မှုကိုပါ ဖြေရှင်းနေရသည် ။ အဖြစ်နိုင်ဆုံး ငြိမ်းချမ်းသော လမ်းမှ လွတ်လပ်ရေးကို ဦးဆောင်ရန်ဖြစ်သည် ။ ဒုတိယကမ္ဘာစစ်အ ပြီး ၁၉၄၆ နှစ်လယ်တွင် ဗြိတိသျှအစိုးရ အုပ်ချုပ်ရေးပိုင်းက ဦးအောင်ဆန်းနှင့် ဖဆပလကို တိုက်ရိုက်စိန်ခေါ်နေသော မြန်မာနိုင်ငံနှင့် ပတ်သက်၍ ပေါ်လစီချမှတ်သည် ။ ထို့

နောက် ဘုရင်ခံ သစ်အဖြစ် ဟူးဘတ်ရန့်စ်ကို အမည်စာရင်းသွင်းလိုက်သည် ။ ဗြိတိသျှတို့ ၏ ပေါ်လစီက ပြောင်းလဲ သွားပြီး အစိုးရနှင့် ဖဆပလအတူ တွဲလုပ်နိုင်မည့် လမ်းကြောင်းလျှောက်လှမ်းရန်ဖြစ်သည် ။ ဦး အောင်ဆန်းသည် ဘုရင်ခံသစ်အောက်မှာ အမှုဆောင်ကော်မတီ၏ ဒုတိယဥက္ကဋ္ဌ ရာထူးနေရာ ကို လက်ခံလိုက်သည် ။ ၁၉၄၆ ဒီဇင်ဘာလတွင် ဝန်ကြီးချုပ် အတ်တလီက မြန်မာကိုယ်စားလှယ် အဖွဲ့ကို လန်ဒန်သို့ ဖိတ်ကြားပြီး မြန်မာနိုင်ငံ၏ အနာဂတ်အရေးကို ညှိနှိုင်းဆွေးနွေးသည် ။ ဦး အောင်ဆန်းက ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်သည် ။ အပြီးသတ်ညှိနှိုင်းမှုကို အောင်မြင်စွာ လုပ် နိုင်ပြီး အောင်ဆန်း-အတ်တလီသဘောတူစာချုပ်ကို ၁၉၄၇ ဇန်နဝါရီလတွင် လတ်မှတ်ရေးထိုးနိုင် သည် ။ မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန် လာပြီးနောက် နောက်ပိုင်းကာလများ တွင် ဦးအောင်ဆန်း သည် လျင်မြန်သော အောင်မြင်မှုများကို ဆက်တိုက်ရရှိလာသည် ။ ညီညွတ်သော စည်းလုံးသော လွတ်လပ်သည့် နိုင်ငံတစ်ခုအဖြစ် ထူထောင်နိုင်အောင် လူနည်းစု တိုင်းရင်းသားတို့ ၏ ထောက်ခံမှု ကိုပါ ရရှိခဲ့သည် ။ လူထုအစည်းအဝေးပွဲများ ခေါ်ယူပြီး သူ့ပါတီရွေးကောက်ပွဲတွင် အနိုင်ရအောင် ဦးဆောင်နိုင်ခဲ့သည် ။ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်တွင် အခြေခံသော မူဝါဒများ ချမှတ်နိုင်ရန် စီစဉ် ပေးသည် ။ လူထုစည်းဝေးပွဲများ ပြုလုပ်သည် ။ တိုင်းပြည်စီးပွားရေး အနာဂတ်အတွက် နိုင်ငံတော် ကွန်ဖရင့်အဖြစ် စည်းရုံးသည် ။ ၁၉၄၇ ဇူလိုင် ၁၉ ရက်တွင် အမှုဆောင် ကော်မတီအစည်းအဝေး သို့ တက်ရောက်နေစဉ် သူနှင့် အခြားကောင်စီအဖွဲ့ဝင် ၈ ဦးနှင့် အစောင့်တို့ ပါ လုပ်ကြံခံရသည် ။ မြန်မာနိုင်ငံအဖို့ လူထုကို ဦးဆောင်နိုင်ပြီး နိုင်ငံကာ ယုံကြည်အားထားရသော၊ ကိုလိုနီစနစ်အတွင်း မှ လွတ်လပ်သော နိုင်ငံဘဝသို့ ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းနိုင်ခဲ့သော သူတစ်ဦးကို ဆုံးရှုံးရ ခြင်းဖြစ်

သည် ။

ဦးအောင်ဆန်းသည် နိုင်ငံရေးကို မူလအတိုင်း စည်းစနစ်ကျစွာ ချဉ်းကပ်သည် ။ သူ့အတွက် နိုင်ငံရေးဟု သတ်မှတ်ခေါ်ဝေါ်နိုင်သည် တို့ က အားလုံးဝန်းရံနေသည် ။ "နိုင်ငံရေးရဲ့ အဓိပ္ပာယ်က သင့်ရဲ့ ဘဝထဲမှာ ရှိတယ်။ ဒါဘယ်လိုစားတယ်၊ အိပ်တယ်၊ အလုပ် လုပ်တယ်။ နေထိုင်တာတွေနဲ့ အတူ နိုင်ငံရေးက ပတ်သက်နေတယ်" ဟု ဆိုခဲ့ပြီး တည်ငြိမ်နေသော အယူအဆမဟုတ်ကြောင်း ကိုလည်း "သင့်ရဲ့ နေ့စဉ်ဘဝ ပြောင်းလဲနေသလို နိုင်ငံရေးကလည်း အများကြီး ပြောင်းလဲနေ တယ်" ဟု ဥပမာပေးခဲ့သည် ။ နိုင်ငံရေးလှုပ်ရှားသူတစ်ဦးအဖြစ် သက်ဆိုင်သည့် အရာတို့ မှ ချက်ချင်းပြဿနာတို့ ၏ အဖြေကိုရှာတွေ့ရန် လုပ်ဆောင်နိုင်သည် ။ သူ၏ နည်းဗျူဟာနှင့် ရည်မှန်း ချက်တို့ ကို အခြားသူတို့ ၏ ထောက်ခံမှု ရအောင်လည်း ဆွဲဆောင်နိုင်ခဲ့သည် ။ သူ၏ မိန့်ခွန်းများမှ လက်တွေ့ရလဒ်ကို ကြည့်သော သဘောထားနှင့် ရွေးကောက်ပွဲဝါဒတို့ အပေါ် ရောင်ပြန်ဟပ်နေ သည် ။ သိသာထင်ရှားသော ပြောဆိုမှုတို့ က သူ၏ အယူအဆနှင့် နည်းဗျူဟာတို့ ကိုရှုပ်ထွေးအောင် အနှောင့်အယှက်မပေးနိုင်ပါ။ ကျိုးကြောင်းမျှတမှု မရှိလျှင်တောင်မှ အဖြေကို ရရှိအောင် ကြိုးစား သည် ။ ဦးအောင်ဆန်းသည် သူ၏ နိုင်ငံရေးသမိုင်းတွင် လက်တွေ့ရလဒ်ကိုကြည့်ပြီး အလိုက်သင့် ပြောင်းလဲနိုင်သူဖြစ်ခဲ့၍ သာ သူ ၏ ရည်မှန်းချက်နှစ်ရပ်ဖြစ်သော လွတ်လပ်ရေးနှင့် ညီညွတ်ရေးကို ဖြည်းဖြည်းမှန်မှန် စွဲမြဲစွာ ဆုပ်ကိုင်နိုင်ခဲ့ခြင်းဖြစ်သည် ။

ဦးအောင်ဆန်း၏ အယူအဆတို့ ကို သိရှိရန် သူ့ခေတ်ကာလအတွေ့အကြုံ၊ သူ၏ ပညာရေး၊ အမွေဆက်ခံစရာတွေတို့ ကို နောက်ကြောင်းပြန် ခြေရာခံကြည့်လိုက်ရသည် ။ သူဆက်ခံရာ အတွေးအခေါ်ကို အားကောင်းသော အများ ဆုံးစွဲမြဲစွာ ဩဇာလွှမ်းမိုးနိုင်ခြင်းတို့ ရှိနိုင်သည် ။

အထက် ဗမာပြည်မှ ကလေးတစ်ယောက်အနေဖြင့် ပုဂတ္ထုဇာတ်လမ်းများ ၊ ဒဏ္ဍာရီများကို သူကြား ခဲ့ပြီးဖြစ်သည် ။ ယင်းတို့ နိုင်ငံမှ နောက်ဆုံးဘုရင်၏ နှောင်းပိုင်းနေ့များမှ လူတို့ အကြောင်းကို သူ ဆက်၍ အမှတ်ရနေသည် ။

တတိယအင်္ဂလိပ်-မြန်မာ စစ်ပွဲနှင့် မြန်မာ့ခုခံရေးအင်အားစုများကို ဗြိတိသျှတို့ က ဆယ်စု နှစ်တစ်ခုအကြာ အောင်နိုင်သွားပုံတို့ ဖြစ်သည် ။ ကျောင်းသားတစ်ဦးအနေဖြင့် ပထမဆုံးနတ် မောက်တွင် ကျောင်းတက်သည် ။ နောက်ပိုင်း ရေနံချောင်းအမျိုးသားကျောင်းတွင် တက်ခဲ့ရာ အားကောင်းသော ဖွဲ့သတ္တိအစဉ်အလာရှိရာ ဧရိယာ၌ ကြီးပြင်းရင့်ကျက်လာခဲ့သည် ။ သူနှင့်ခေတ်ပြိုင် ဖြစ်ခဲ့သူတို့ ပါ နိုင်ငံ၏ အတိတ်ဇာတ်လမ်းအဖြစ်အပျက်တို့ ကြောင့် အားဖြစ်ခဲ့ကြပြီး ယင်းနိုင်ငံကို ချစ်မြတ်နိုးသောစိတ်များ ပြည့်နှက်နေပြီး လွတ်လပ်ရေးနှင့် လွတ်မြောက်ရေးကို ပြင်းထန်စွာ လို လားသော ဆန္ဒများ ရှိနေကြသည် ။ အောင်ဆန်း၏ မိန့်ခွန်းနှင့် ရေးသားခဲသည် တို့ သည် သမိုင်းရေး ရာနောက်ခံနှင့် သွယ်ဝိုက်သော နောက်ခံတို့ ကို ဖြည့်ပေးနေသည် ။ သူ့ကိုကြည်ညိုသူများ မေ့ပျောက်သွားရန် မတတ်နိုင်ဘဲ အမှတ်ရနေခြင်းမှာ ချစ်မြတ်နိုးစိတ်တိုးပွားအောင် ပြုနိုင်ခဲ့ခြင်းတို့ ကြောင့် ဖြစ်နိုင်ပြီး အနစ်နာခံမှုများ ၊ သူရဲကောင်းဝါဒအတတ်နှင့် ပစ္စုပ္ပန်၌ ပါ သူရဲကောင်းတို့ ၏ ရဲ စွမ်းသတ္တိက သမိုင်းဝင် ကံကြမ္မာကို တောင်းဆိုရန် အမြဲ ဖြစ်ပေါ်လာခြင်း သို့မဟုတ် ပြတ်သားစွာ ပြောဆိုခြင်းများ နှင့် ကျိုးကြောင်းကျသော အချက်များက လူတို့ ၏ ရုံဖန်ရံခါ လူအများကိုဆက် တိုက် ဆွဲဆောင်ပြနိုင်သည်များ အပြင် ယင်းကို သူ၏ ပရိသတ်များ နှင့် လုပ်ဖော်ကိုင်ဖက်များ ပါ အတူတူ တုန့်ပြန်ကြခြင်းတို့ ကိုပါ တွေ့ရှိနိုင်သည် ။

ဗုဒ္ဓဘာသာအယူဝါဒသည် မြန်မာ့ရိုးရာအစဉ်အလာတွင် အစိတ်အပို

င်းတစ်ခု အဖြစ်ပေါင်း စပ်ပါဝင်နေသော်လည်း ဦးအောင်ဆန်း၏ နိုင်ငံရေးအတွေးအခေါ်တွင် အသာစီးရနေသော အကြောင်းအရာအဖြစ် မပါဝင်ခဲ့။ သူနှင့်ခေတ်ပြိုင်ဖြစ်ခဲ့သူတို့ ၏ ဖြစ်ရပ်များ ။ သူ၏ လုပ်ဆောင်မှုနှင့် မိန့်ခွန်းများ အတွက် အခြေခံတစ်ခုအဖြစ် မထောက်ပံ့ခဲ့ကြောင်း တွေ့ရသည် ။ အဓိပ္ပာယ်ပေါက် အောင် ထင်မြင်အောင် မပြုလုပ်ခြင်းနှင့် လျစ်လျူရှုခြင်း သို့မဟုတ် ဘာသာရေးကို ရှောင်တိမ်းခြင်း ဖြစ်သည် ။ ယင်းကို မကြာခဏဆိုသလို သူ၏ ထုတ်ဖော် ပြောကြားချက်တို့ ၏ အမြင်မှာ အလွန်တိ ကျသည် ။ နိုင်ငံရေးနှင့် ဘာသာရေးသည် ပိုင်းခြားထားသင့်သည် ။ "နိုင်ငံရေး"ဟု သူရေးခဲ့သောစာ တွင် တစ်ဦးချင်းတွင် သူ၏ ကိုယ်ပိုင် အခွင့်အရေးလည်း ပါဝင်ခဲ့သည် ။ "ထိုနေရာကို ကျွန်ုပ်တို့ ရပ်တန့်သင့်ပြီး ဘာသာရေးနှင့် နိုင်ငံရေးတို့ ကြား၌ တိကျစွာ လိုင်းခွဲခြားရမည်"ဟု ပါရှိသည် ။ ဖဆပလ လူထုအစည်းအဝေး၌ ထိုသဘောတရားကို ပြန်လည်ဖော်ပြရာ၌ ပိုမိုလေးနက်စေရန် နိုင်ငံရေးတွင် ဘာသာရေးအတွက် နေရာမရှိကြောင်းနှင့် သမ္မတက နိုင်ငံအတွက် ဗုဒ္ဓဘာသာဝင် တစ်ဦး သို့မဟုတ် ဝန်ကြီးတစ်ဦးကို ကဲဘိနက်တွင် ခန့်အပ်ရန် ရွေးချယ်နိုင်သည် ဟု ဖော်ပြခဲ့သည် ။ ဗုဒ္ဓဘာသာ ဘုန်းကြီးများ နိုင်ငံရေးအခန်းကဏ္ဍတွင် မရှိသင့်ကြောင်းပါ ဆက်လက်ပြောဆိုသည် ။ ထိုမိန့်ခွန်းကို ၁၉၄၆ ဇန်နဝါရီတွင် ပြုလုပ်သော ပထမအကြိမ်နိုင်ငံလုံးဆိုင်ရာ ဖဆပလ ကွန်ဖရင့် ၌ ပြောကြားရာ ဗုဒ္ဓဘာသာဘုန်းကြီးများ ဘာသာရေးတွင် သန့်ရှင်းစင်ကြယ်စေသည့်အလျောက် ငြိမ်းချမ်းသော ကမ္ဘာသို့ ထိုအကြောင်းအရာကို သယ်ဆောင်ပေးရမည်ဟု ဆိုခဲ့သည် ။

နိုင်ငံရေးနှင့် ဘာသာရေးအကြား ရှင်းလင်းသော ခွဲခြားမှုအပေါ် သူ၏ ယုံကြည်မှု ဖွံ့ဖြိုးခဲ့ သည် ။ သူရောက်ရှိသော ကာလ၌ အရေးပါသော စဉ်းစားစရာတစ်ခုအဖြစ် ရှိခဲ့သည် မှာ မြန်မာနိုင်ငံ ၏ အမျိုးသားရေး၊

လှုပ်ရှားမှုပုံရိပ်တို့ ၌ ဗုဒ္ဓဘာသာဘုန်းတော်ကြီးတို့ ကလည်း တက်ကြွစွာပါဝင်ခဲ့ ကြခြင်းဖြစ်သည် ။ အစောပိုင်းကပင် ယုံကြည်မှုရှိခဲ့၍ ထိုအကြောင်းအရာပေါ်တွင် ဆက်လက်ပြီး စုစည်းညီညွတ်ခြင်းဖြစ်သည် ။ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ ထဲမှ ဦးဥတ္တမနှင့် ဦးဝိစာရတို့ သည် အမျိုးသားရေးလှုပ်ရှားမှုတွင် ရှေ့တန်းမှ ပါဝင်ခဲ့ကြသည် ။ ယင်းတို့၏ ထောင်သွင်းအကျဉ်းချခံရမှု နောက် အစာငတ်ခံဆန္ဒပြမှုနောက်ပိုင်း လူထုအစည်းအဝေးတို့ က ကျေးလက်ပြည်သူတို့ ၏ ထောက်ခံမှုကို ဆွဲဆောင်နိုင်ကြောင်းအား ကောင်းစွာ ပြသနေလေသည် ။ သို့သော်လည်း ဦးအောင်ဆန်းသည် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတို့ ၏ နိုင်ငံရေးဦးဆောင်မှုကို အသိအမှတ်မပြုခဲ့ ပေ။ နိုင်ငံရေးလုပ်ငန်းဆောင်ရွက်မှုတွင် ဘာသာရေးကို အသုံးမပြုဖို့ လုပ်ခြင်းလည်း ဖြစ်သည် ။ ဘာသာရေးလွတ်လပ်မှုကို ယုံကြည်သော သူတစ်ဦးအနေဖြင့် အားလုံးသော ယုံကြည်ရာကို လူ အများကိုးကွယ်နိုင်ခွင့်နှင့် သူ၏ နိုင်ငံရေးအဖွဲ့အစည်းကို ယင်းတို့ ၏ ထောက်ခံမှုရရှိအောင် ပြုလုပ် နိုင်ခဲ့ပြီး နိုင်ငံလွတ်လပ်ရေးရရှိအောင် ပြုလုပ်နိုင်သော အကြောင်းလည်း ဖြစ်ခဲ့သည် ။ သူ၏ ခေါင်းဆောင်မှုအောက်မှ လှုပ်ရှားမှုတို့ သည် ဘာသာရေးနှင့်မသက်ဆိုင်၍ ပိုမိုများ ပြားစွာ လွှမ်းမိုးနိုင်ပြီး ဘာသာရေးကိစ္စများ တွင် ဘက်မလိုက်ဘဲ နေခဲ့သည် ။

သူ၏ စိတ်ကူးအယူအဆရင်းမြစ်တို့ ၌ ဒုတိယအရေးကြီးဆုံးမှာ သူ၏ ပညာရေးနှင့် ပုဂ္ဂိုလ် ရေးအတွေ့အကြုံ ဗဟု သုတတို့ ဖြစ်သည် ။ သူ၏ ပထမတည်ရှိမှုက ကျောင်းသားတစ်ဦးကို အ နောက်တိုင်း အတွေးအခေါ်ဖြစ်သည် ။ တက္ကသိုလ်၌ လည်း ဘာသာရပ်သုံးခုကို အာရုံစိုက်ခဲ့ရရာ အင်္ဂလိပ်စာပေ၊ ခေတ်သစ်သမိုင်းနှင့် နိုင်ငံရေးသိပ္ပံတို့ ဖြစ်သည် ။ ထို့အပြင် ဥပဒေပါ ထပ်တိုးသင် ကြားခဲ့သည် ။ ဘွဲ့ရယူနိုင်ရန် စတင်

လေ့လာခဲ့သော်လည်း ပြီးဆုံးသည် အထိ မသင်နိုင်ခဲ့။ ရန်ကုန် ရှိ သူ၏ အိမ်မှ ကိုယ်ပိုင်စာကြည့်တိုက်၌ မတို့ မထိရသေးသော စာအုပ်များ ၊ ဆက်လက်ကျန်ရှိ သည် ။ သူ၏ စိတ်ဝင်စားမှုနယ်ပယ်မှာ ကျယ်ပြန့်လှပြီး သိပ္ပံပညာရပ်နှင့် အနောက်တိုင်းသမိုင်းရေး၊ နိုင်ငံရေးနှင့် စာပေဘာသာရပ်အကြောင်းများ လည်း ပါဝင်သည် ။

သူသည် အနောက်တိုင်းစာပေကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုသည် ။ လစ်ဘရယ်ဝါဒ နှင့် အရှင်းရှင်ဝါဒတို့ ကိုလည်း တိုးချဲ့လေ့လာသည် ။ ယင်းနှင့်အတူ ဥပဒေစည်းမျဉ်း စာချုပ်ဆိုင်ရာ အယူအဆများ ၊ ပါလီမန်အစိုးရစနစ်၊ ပြောင်းလဲမှုဖြစ်စဉ်။ တစ်သီးပုဂ္ဂလဝါဒနှင့် လွတ်လပ်မှုတို့ လည်း ပါသည် ။ ထို့အပြင် သူသည် ဆိုရှယ်လစ်ဝါဒ၊ ကွန်မြူနစ်ဝါဒ၊ ဖက်ဆစ်ဝါဒနှင့် အခြားစနစ်များ မှ အတွေးအခေါ်တို့ ကိုလည်း ဆည်းပူးသည် ။ ဦးအောင်ဆန်းနှင့် သူ၏ ခေတ်ပြိုင်များ သည် သူတို့ ၏ အလုပ်အတွက် တော်လှန်သော စာရေးဆရာများ ၏ စာအုပ်များ ရှာဖွေ၍ အပြင်းအထန်ဖတ်ရှုကြ ပြီး ပုဂ္ဂလိက စာအုပ်ဆိုင်များ ၊ ရန်ကုန်ရှိ စာအုပ်အသင်း သို့မဟုတ် ဘားနက်အခမဲ့စာကြည့်တိုက် ၏ စာအုပ်စင်များ မှ ရယူခဲ့ကြသည် ။ သို့သော် စနစ်တကျ ဖတ်ရှုမှုကို သူတို့ မလုပ်နိုင်ခဲ့။ အကြောင်းမှာ တော်လှန်ရေးစာပေသည် ပိတ်ပင်ခံထားရ၍ ဖြစ်သည် ။ ဗြိတိသျှတို့ ၏ နိုးကြားသတိ ရှိမှု ရှိနေသော်လည်း အဓိကအတွေးအခေါ် အယူအဆများက အသိပေးနိုင်အောင် သူတို့ စီစဉ်နိုင် ခဲ့ပြီး မာ့က်စ်၊ လီနင်၊ စတာလင်၊ ထရော့စကီး၊ မူဆိုလိုနီနှင့် ဟစ်တလာတို့လို၊ စာရေးဆရာများကို ဟောပြောမှုအတတ်ပညာများ ရလာခဲ့သည် ။ ထို့အပြင် သူတို့ ဖတ်ခဲ့ရသော အာရှအတွေးအခေါ် ပညာရှင်များကလည်း အနောက်တိုင်း စဉ်းစားပုံအပေါ်၌ အားကောင်းစွာ လွှမ်းမိုးခဲ့သည် ။ ထိုကဲ့ သို့သော သူများမှာ ဆွတ်ယက်ဆင်၊ ဂန္ဒီ၊ နေရူးနှင့် ဆုဘတ်ချန်ဒရာတို့လို

လူများ ဖြစ်သည် ။ ထိုသို့ သော သူတို့ ၏ အတွေးနှင့် လုပ်ဆောင်မှုတို့ က သမိုင်းကို ဖန်တီးခဲ့ပြီး မြန်မာလူငယ်များ စွာကို သူတို့ ၏ အတွေးအခေါ်သစ်နှင့် တန်ဖိုးများက ဆွဲဆောင်နိုင်ခဲ့သည် ။

သူ၏ မျိုးဆက်သစ်အများ စုကဲ့သို့သူ၏ နိုင်ငံရေးလုပ်ဆောင်မှုတို့ အရ ဦးအောင်ဆန်းသည် အရင်းရှင်ဝါဒကို ဆန့်ကျင်ပြီး နယ်ချဲ့ဝါဒဟု မြင်သည် ။ သူ့ကိုယ်သူ လက်ဝဲသမားဟု သတ်မှတ်ပြီး နောက်သို့ဆုတ်ပြီး ရှေ့သို့ ဆိုရှယ်လစ်ထုံးတမ်းအတွင်းသို့ မျှော်မှန်းခဲ့သည် ။ သူသည် ဒို့ဗမာ အစည်းအရုံး၏ တက်ကြွသော အဖွဲ့ဝင်တစ်ဦးဖြစ်သလို သခင်စိုး၊ သခင်သန်းထွန်း၊ သခင်ဗဟိန်း တို့ နှင့် နီးစပ်သော ဆက်ဆံရေးရှိသူဖြစ်သည် ။ ယင်းတို့ နှင့်အတူ မာ့က်စ်ဝါဒ လေ့လာရေးတွင် သူလည်း ပါဝင်ခဲ့သည် ။ နောက်ပိုင်း ဗမာ့ထွက်ရပ်ဂိုဏ်း၏ အဖွဲ့ဝင်တစ်ဦးဖြစ်လာသည် ။ သူ၏ ပိုမို ကျယ်ပြန့်စွာ သိနားလည်လာခြင်းနှင့်အတူ လယ်သမားများ နှင့် အကြမ်းမဖက်သော ဆိုရှယ်လစ် ဝါဒကို တည်ထောင်ရန် ဒေါက်တာဘမော်သည် ဆင်းရဲသားပါတီ၊ သခင်မြဦးဆောင်သော ဗမာနိုင်ငံလုံးဆိုင်ရာ လယ်သမားအဖွဲ့ချုပ်တို့ နှင့် ပူးပေါင်းခဲ့သည် ။ ၁၉၃၉ တွင သူနှင့် မိတ်ဆွေများ စွာ ပူး ပေါင်းပြီး မာ့က်စ်ဝါဒီ လေ့လာရေးအုပ်စု (ကွန်မြူနစ်ကလပ်စည်း)ကို ဖွဲ့စည်းခဲ့သည် ။ ယင်းမှာ မြန်မာနိုင်ငံ၌ ကွန်မြူနစ်ပါတီ၏ ရှေ့ပြေးအဖြစ် ယခုအခါ စဉ်းစားခံရသည် ။ သူ၏ စွန့်စားမှုက အိန္ဒိယသို့ ခရီးသွားရန်ဖြစ်ပြီး ကွန်ဂရက်ပါတီ ခေါင်းဆောင်များ နှင့် တွေ့ဆုံခဲ့သည် ။ မြန်မာနိုင်ငံသို့ မကြာမီပြန်ရောက်ပြီး ကွန်မြူနစ်ဝါဒနှင့်သူ ၁၉၄၄ တွင် ခေတ္တဆုံတွေ့သေးသည် ။ ၁၉၄၄ တွင် သခင်စိုးနှင့် လျှို့ဝှက်စွာ တွေ့ဆုံပြီး ကွန်မြူနစ်ပါတီသို့ ဝင်ရောက်သည် ။ ထို့နောက် လအနည်း ငယ်အကြာတွင် နှုတ်ထွက်သွားသည် ။ ၁၉၄၆ က ကွန်မြူနစ်ဝါဒအပေါ်တွင် နားလည်သော သူ၏ သဘောထား

ကို ထုတ်ပြောသည် ။ "ကျွန်တော်က ကွန်မြူနစ်ဝါဒနဲ့ ကွန်မြူနစ်ပါတီ ကို စစ်မှန်စွာ စိတ်ဝင်စားမှု ဆက်ရှိနေဆဲပါ"ဟု ဖြစ်သည် ။ သို့သော်လ ည်း နောက်လအနည်းငယ်အကြာ သူ၏ပါတီဖြစ်သော ဖဆပလမှ ကွန်မြူနစ်များကို ထုတ်ပယ်ပြီး ကွန်မြူနစ်တို့ နှင့် လမ်းခွဲခြင်းကို မကာ ကွယ်နိုင်ခဲ့ပေ။ ဆိုရှယ်လစ်ဝါဒနှင့် ကွန်မြူနစ်ဝါဒတို့ မှ အယူအဆများ က သူ့ကို ဆွဲဆောင်နိုင်သည် ။ သို့သော် လီနင်ဝါဒီပါတီ အဖွဲ့အစည်းက ဦးဆောင်စေခြင်းအတွက် သူ့ကို သူ့ပြိုင်ဘက်များက သဘောမကျပေ။

သူ၏ ရေးသားထုတ်ဖော်ချက်တို့ အရ စတာလင်နှင့် အခြားကွန်မြူ နစ်ခေါင်းဆောင်တို့ စာများကို သူဖတ်ရှုလေ့လာခဲ့သည် ။ အသိဉာဏ်ဆို င်ရာ အကြွေးတင်ရှိခြင်းပါဝင်သည် ။ သူ့ကို ထောက်ခံကြ၊ အားပေးကြ သူတို့ သည် ကွန်မြူနစ်မဟုတ်သော ဆိုရှယ်လစ်ဝါဒဖြင့် နိုင်ငံရေးပုံစံ၊ သူဖွဲ့စည်းသည် ကို နောက်ဆုံးတွင် ထောက်ခံကြသည် ။ လွတ်လပ် သော မြန်မာနိုင်ငံ၏ အနာဂတ် ဖွဲ့စည်းပုံအတွက် သူ၏ အယူအဆက ထိုအချိန်ကာလနှင့် ကိုက်ညီစွာရှေ့သို့ လှမ်းနိုင်ရန်ဖြစ် သည် ။ ဆိုရှယ် လစ်ဝါဒကို အကျယ်ပြန့်ဆုံး ခံစား၍ သူ့အား ထောက်ပံ့နိုင်သည် နှင့်အ တူ ယင်းမှ အိုင်ဒီယာရရှိ လာပြီး ခေတ်ကာလအခြေအနေ တောင်းဆိုမှု အပေါ် ရွေးချယ်ခြင်း၊ ပယ်ချခြင်းတို့ လုပ်နိုင်ခဲ့သည် ။

သူ၏ အတွေးအခေါ်အယူအဆတို့ ဖွံ့ဖြိုးမှုသည် လည် သူနေထိုင်ရာ ခေတ်ကာလ၏ ရိုက် ခတ်မှုများ ပါဝင်သည် ။ ၁၉၃၀ ဆယ်စုနှစ်များ သ ည် ကမ္ဘာချီသော စီးပွားပျက်ကပ်ကြီးနှင့် ဖွင့်လှစ်ခဲ့ ပြီး ကမ္ဘာစစ်တစ်ခုန ှင့် အဆုံးသတ်ခဲ့ခြင်းဖြစ်သည် ။ ကိုလိုနီတစ်ခုအဖြစ် ကူးပြောင်းသွားပြီး နောက် ဒေသခံတို့ ၏ ရှုမြင်သုံးသပ်ချက်က ထိုကာလ၌ အများ အပြားရှိ သော အတွေးအခေါ်များ ၊ ပုဂ္ဂိုလ် အရည်အသွေးများ ပြောင်းလဲလာကြ သည် ။ ဂရိတ်ဗြိတိန်ကလည်း အိန္ဒိယနှင့် မြန်မာတို့ အဖြစ်အ ပျက်တို့

အရ၊ တဖြည်းဖြည်း နိုင်ငံရေးအရ ခွင့်ပြုမှုသို့ ပြောင်းလဲလာသည် ။ ဖွဲ့စည်းပုံဥပဒေနှင့် ညီသော အဓိပ္ပာယ်မှ တဆင့်နှင့် ရွေးချယ်နိုင်သော နည်းအရ အလားအလာ လျင်မြန်သော ၊ ပို၍ ကြည့်ကောင်းသော အပြောင်းအလဲတို့ က ပေးအပ်နိုင်သည် ကို ကွန်မြူနစ်တို့ က ဆိုဗီယက်ယူနီယံတွင် လည်းကောင်း၊ ဖက်ဆစ်နှင့် နာဇီတို့ က အီတလီနှင့် ဂျာမနီတွင် လည်းကောင်း လုပ်ပြခဲ့ကြ သည် ။ အာဏာရှင်ဆန်သော အမြဲတမ်းရွေးချယ်တင်မြှောက်ခြင်း မဟုတ်သော စနစ်တို့ ရုရှား၊ ဂျာမဏီ၊ အီတလီတို့ ဖြစ် လာပြီး ဗြိတိသျှနှင့် ပြင်သစ်တို့ ကို စိန်ခေါ်လာကြသည် ။ သူတို့ ၏ ပြည်သူ များကို ထောက်ပံ့၍ လည်းကောင်း၊ ယင်းတို့ နိုင်ငံသားများ အကြား အမျိုးသားဂုဏ်ရောင်ကို ခံစားမှု အသစ်များ ဖြင့် တည်ဆောက်ပေးကြသည် ။ ကိုလိုနီများ ၏ အကူအညီအသုံးချမှု မပါဝင်ဘဲ ယင်းတို့ အားလုံးက ထင်ရှားစွာအောင်မြင်ခဲ့ခြင်းဖြစ်သည် ။ ဦးအောင်ဆန်းနှင့် သူမိတ်ဆွေများမှာ ထိုကြီးမား သော အကွာအဝေးမှ မြင်တွေ့ရမှုကို အစီအစဉ်သစ် အပြောင်းအလဲအသစ်ဟု ရှုမြင်ကြပြီး ယင်းတို့ ၏ ကိုယ်ပိုင်နိုင်ငံရေးနှင့် စီးပွားရေး အမှန်တရားတို့ အရ ရွေးချယ်နိုင်ရန် ဆွဲဆောင်လျက်ရှိ ပေသည် ။

အာရှတိုက်သည် လည်း ထိုနမူနာသစ်သို့ ပြောင်းလဲရန် တာစူလာသည် ။ ဦးအောင်ဆန်းနှင့် သူ၏ ခေတ်ပြိုင်ဖြစ်သူများ သည် အိန္ဒိယကွန်ဂရက်ပါတီကိုလည်း လေ့လာတုပပြီး ယင်းကဲ့သို့ပင် ဗြိတိသျှတို့ ကို စိန်ခေါ်ခဲ့သည် ။ မန်ချူးရီးယားကို ၁၉၃၁ တွင် ဂျပန်က သိမ်းပိုက်သည် ။ ထိုကာလ သည် ပိုမိုအရေးကြီးလာသည် ။ ဆက်လက်၍ ပြင်သစ်ကျသည် ။ ဗြိတိန်ပင် ဂျပန်၏ တောင်းဆိုချက် ကို လိုက်လျောပြီး မြန်မာပြည်လမ်းမကြီးကို ပိတ်ပေးသည် ။ သို့သော် ခဏသာဖြစ်သည် ။ မြန်မာ၏ အိမ်နီးချင်းထိုင်းပင်လျှင် အပြောင်းအလဲကို လိုက်ပါပြီး သူ၏ အမည်၊ နို

င်ငံရေးစနစ်၊ နီးစပ်မှုသို့ ရွေ့လျားသော အသုံးအနှုန်းနှင့်အတူ ဂျပန်ပုံစံ ထွက်ပေါ်လာသည် ။ နောက်ဆုံး အာရှကိုလိုနီများ အဖြစ်မှ ရှုံးနိမ့်ရသေ အရှက်ရစရာဖြစ်ရပ်တို့ အပေါ် ဆက်စပ်ကြည့်လျှင် တိုတောင်းသော ကာလ အတွင်း မြင်ရသဖြင့် လက်ခံယုံကြည်ရသော သက်သေဖြစ်လာပြီး စနစ်ဟောင်းကျဆုံးခြင်းနှင့် အတူ အရှေ့တောင်အာရှမှ ပြည်သူများ နောက်ဆုံးရောက်ရမည့် နေရာဖြစ်သော ယင်းတို့ ၏ လွတ် လပ်မှု ရအောင် ယူရန်နှင့် ယင်းတို့ ၏ အနာဂတ်ကို ဆုံးဖြတ်ရမည့် အချိန်အခါသို့ ရောက်ခဲ့သည် ။

ထိုစုဆောင်းထားသော သတင်းစာနှင့် မိန့်ခွန်းများ ထဲမှ ဦးအောင်ဆန်း၏ အယူအဆနှင့် အသံတို့ သည် အရေးပါစွာ ယခုပစ္စုပ္ပန်ကို ရိုက်ခတ်လွှမ်းမိုးခဲ့သည် ။ ကျောင်းသား တစ်ဦးအနေဖြင့် ရော နိုင်ငံခေါင်းဆောင် အဖြစ်နှင့်ပါ သူသည် မာ့က်စ်ဝါဒကို နမူနာတစ်ခုအဖြစ် အသုံးပြုခြင်းကို များ စွာသော သူ၏ မိန့်ခွန်းများ နှင့် အတွေးအခေါ်တို့ ၌ တွေ့နိုင်သည် ။ သူ့ဟောပြောမှုတို့ ကြမ်း တမ်းလာခြင်း၊ တစ်ယူသန်ဖြစ်လာခြင်းတို့ တွေ့ရပြီး ယင်းမှာ သူ၏ ဆရာသစ်တို့ မှ လာခြင်းဖြစ် သည် ။ နောက်ဆုံးမဟာမိတ်တို့ အောင်ပွဲရပြီးသွားသောအခါ သူ၏ စကားပြောပုံစတိုင်မှာ ပြောင်း လဲမှု တစ်ပြိုင်တည်းဖြစ်လာသည် ။ ပိုမို၍ စဉ်းစားသော ချဉ်းကပ်မှုဟန်ဖြင့် ပြုလုပ်လာသည် ။ လစ် ဘရယ်ဆန်သော ဒီမိုကရက်တစ်ဖြစ်သော ဆိုရှယ်လစ်အယူအဆတို့ ဖြစ်လာခြင်းမှာ နိုင်ငံတကာ ဝါဒဖြစ်သော ကုလသမဂ္ဂနှင့်အတူ ဖြစ်သည် ။

ဦးအောင်ဆန်း၏ အတွေးအခေါ်တို့ သည် သူ၏ ထင်ရှားကျော်ကြားမှုနှင့် သီးခြားစီ ဖြစ်မနေ ပေ။ ထိုနေရာတွင် ဒေါက်တာမောင်မောင်နှင့် ဒေါက်တာ ဘမော်တို့ ၏ အားထုတ်မှုကို ကျေးဇူးတင် ရပါမည်။ သူ့ရုပ်သွင်ကို ရေးဖွဲ့ရာ၌ အစည်းအဝေးတွင် အကြံပြုထားသည် နှင့်အတူ အ

လွန်ရှုပ်ထွေး နေသော လူတစ်ယောက်လိုဖြစ်သည် ဟု ဖော်ပြခဲ့သည် ။ သို့သော်လည်း အများ ပြည်သူအမြင်တွင် ထိုခေတ်ကာလ၏ တက္ကသိုလ်ကျောင်းသားတစ်ဦးဖြစ်ပြီး တစ်ဦးတည်းနေတတ်သော ရှက်တတ်သောသူဖြစ်သည် ။ မော်ရစ်ကောလစ်၏ Lost and first in Burma စာအုပ်ကမူ ဘုရင်ခံဆာဒေါ် မန်စမစ်၏ စာရွက်စာတမ်းများကို လေ့လာခဲ့ပြီးနောက် အောင်ဆန်းသည် ရှက်တတ်သူတစ်ဦးဆို ခြင်းကိုသူလည်း ထင်မြင်ယူဆခဲ့ကြောင်း တိတ်ဆိတ်သော ပုဂ္ဂိုလ်တစ်ဦး၌ ကြောက်ရွံ့ဖွယ် အထီး ကျန်ခြင်းရှိမည်ဟု ဖော်ပြသည် ။ သူ၏ ဖော်ပြချက်အရ အောင်ဆန်းသည် ပုံစံတကျမဟုတ်သော ရင်းနှီးမှုမျိုးကို လက်ခံသည် ။ နိုင်ငံရေးအရ ပြိုင်ဘက်ဖြစ်သော ဘုရင်ခံကိုပင် နွေးထွေးပျူငှာစွာ ဆက်ဆံခဲ့ကြောင်း ဖော်ပြပေသည် ။ မောရစ်ကောလစ်သည် ဦးအောင်ဆန်းကို လန်ဒန်တွင် ခေတ္တ တွေ့ဆုံဖူးသည် ။ မြန်မာ့ခေါင်းဆောင် အဖြစ်နှင့် အောင်ဆန်းအတ်တလီစာချုပ် လက်မှတ်ရေးထိုး စဉ်က ဖြစ်သည် ။ သူ၏ ဣန္ဒြေကြီးမှု၊ မိမိကိုယ်ကို သေချာအောင် ပြုလုပ်မှုတို့ ကို သူတွေ့ရှိခဲ့သည် ။ သူ၏ စာအုပ်တွင် ကောလစ်က အောင်ဆန်းအပေါ် မှတ်ချက်ပေးရာ အောင်ဆန်းတွင် ထိန်းချုပ်နိုင် မှုရှိပြီး ခင်မင်ဖော်ရွေတတ်သူ ဖြစ်သည် ဟု ဆိုခဲ့သည် ။

သူ၏ ထင်ရှားကျော်ကြားမှုက ပြောင်းလဲသွားသည် ။ သူ၏ မိမိကိုယ်ကို ယုံကြည်မှု တိုး တက်ခြင်းမှာ နိုင်ငံခေါင်းဆောင်တစ်ဦးလို သူ၏ မိန့်ခွန်းတို့ ၌ တွေ့နိုင်သည် ။ ပထမအကြိမ် နိုင်ငံလုံး ဆိုင်ရာ ဖဆပလ ကွန်ဖရင့် ၁၉၄၆ ဇန်နဝါရီတွင် ကျင်းပစဉ် က ပြောခြင်းဖြစ်၍ အများ နှင့်ဆိုင်သော သူ၏ ခေါင်းဆောင်မှုက မြန်မာတို့ ၏ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှု၌ ပါဝင်ရခြင်းဖြစ်သည် ။ “ဘယ်လောက် ကြီးမားတဲ့ သူဖြစ်ပါစေ။ အဲဒီ လူဟာလည်း သမိုင်းဆိုတဲ့ ရွှေ့လျားမှု ဘီးထဲမှာ လို

က် ပါရတာ ပဲ”ဟု သူပြောခဲ့သည် ။ ထိုသို့ ပြောလိုက်ခြင်းနှင့်အတူ လူအများ ၏ ထောက်ခံမှုရရှိပြီး ခေါင်း ဆောင်များ သည် လည်း သတိပြုမိဖွယ်အရာများကို ပြုလုပ်နိုင်ခဲ့သည် ။ သမိုင်းတွင် အများ နှင့်ဆိုင် သောလမ်းကြောင်းကို ရွေးချယ်ရန် ပါဝင်နိုင်ခဲ့သည် ။ ထိုကာလ မြန်မာနိုင်ငံ၌ ကိုယ်ပိုင်အခန်း ကဏ္ဍကို စဉ်းစားရမည်မှာ သူပြောခဲ့သော “ကျွန်ုပ်တို့၏ ပန်းတိုင်ကို မရောက်မီ အားစိုက်ရမည်ဖြစ် သော လမ်းကြောင်းပေါ်တွင် ဖြတ်သန်း၍ သွားရမည်။ ကျွန်ုပ်ကို ထိုခရီးအား ဘေးအန္တရာယ်ကင်း စွာ ပို့ပေးမည့် ပိုင်းလော့တစ်ဦးလို မြင်စေလိုမည်။ ယင်းသို့ ယုံကြည်အားကိုးမှုအတွက်လည်း လွယ်ကူစွာ ကျေးဇူးမတင်နိုင်သေးပါ။

ထို့နောက် တစ်နှစ်ကြာပြီးနောက် အင်္ဂလန်မှ ပြန်လာသည့်အခါ သူသည် ဗြိတိသျှတို့ နှင့် အနာဂတ်မြန်မာပြည်အတွက် သဘောတူညီမှုရအောင် စေ့စပ်နိုင်ခဲ့သည် ။ သူ၏ လုပ်ဆောင်ပုံနှင့် ဆုံးဖြတ်ချက်များ အပေါ် လူထုသို့ ပြောကြားသော မိန့်ခွန်းတို့ ၌ ကာကွယ်ပြောဆိုသည့်အကြောင်း အရာ၊ လမ်းကြောင်းအရပင် ခေါင်းဆောင်မှုကို ထပ်မံရပြန်သည် ။ သို့သော်လည်း ဒီတစ်ကြိမ်တွင် တော့ သူ့ကို တွေ့ရသည် မှာ အတော်အတန် ကွဲပြားသွားပြီးဖြစ်သည် ။ တစ်နှစ်အတွင်း လွတ်လပ် ရေး ရစေရမည်ဟု လည်း လူထုသို့ အာမခံခဲ့သည် ။

ဤသို့ ယုံကြည်မှု ကြီးထွားလာရခြင်းမှာ သူ၏ စဉ်းစားတွေးခေါ်မှုကောင်းစွာ ဖွံ့ဖြိုးပြီး လုပ် ဆောင်နိုင်၍ ဖြစ်သည် ။ အတွေးအခေါ်နှင့် အကြံဉာဏ် ကြွယ်ဝစွာ ပေးနိုင်သူများ ၊ သူ့ဘေးတွင် ရှိ ကြသည် ။ သူ၏ စဉ်းစားတွေးခေါ်မှုများမှာ တိုတောင်းသော ရှင်းလင်းဆွေးနွေးမှုများ နောက်မှ ထွက် လာလေ့ရှိသည် ။

* * *